# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## THE REPUBLIC OF THE UNION OF MYANMAR

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## ANTI-CORRUPTION COMMISSION

# ကျင့်ဝတ်

# CODE OF CONDUCT

ဇွန်လ၊ ၂၀၁၈

June 2018

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**The Republic of the Union of Myanmar**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

**Anti - Corruption Commission**

# ကျင့်ဝတ်

# Code of Conduct

မေလ၊ ၂၀၁၈

May 2018

## Table of Contents


| | Subject | Page |
|---|---|---|
| 1. | Preface by the Chairperson of ACC | 1 |
| 2. | Introduction | 3 |
| | **Chapter (1)** | |
| 3. | Vision and Mission of the Anti- Corruption Commission | 4 |
| 4. | Vision | 4 |
| 5. | Mission | 4 |
| | **Chapter (2)** | |
| 6. | Objectives of the Code of Conduct | 4 |
| | **Chapter (3)** | |
| 7. | Basic Principles | 5 |
| | (a) Integrity | 5 |
| | (b) Independence | 6 |
| | (c) Accountability | 6 |
| | (d) Transparency | 6 |
| | (e) Fairness | 6 |
| | (f) Inclusiveness | 7 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော်မရှင်ဥက္ကဋ္ဌ၏ အမှာစကား | ၁ |
| ၂။ | နိဒါန်း | ၃ |
| | **အခန်း(၁)** | |
| ၃။ | ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန် | ၄ |
| ၄။ | ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက် | ၄ |
| ၅။ | ကော်မရှင်၏ လုပ်ငန်းတာဝန် | ၄ |
| | **အခန်း(၂)** | |
| ၆။ | ကျင့်ဝတ်၏ ရည်ရွယ်ချက် | ၄ |
| | **အခန်း(၃)** | |
| ၇။ | အခြေခံမူများ | ၅ |
| | (က) ဖြောင့်မတ်တည်ကြည်မှု | ၅ |
| | (ခ) လွတ်လပ်စွာရပ်တည်နိုင်မှု | ၆ |
| | (ဂ) တာဝန်ယူမှု | ၆ |
| | (ဃ) ပွင့်လင်းမြင်သာမှု | ၆ |
| | (င) မျှတမှု | ၆ |
| | (စ) အားလုံးပါဝင်နိုင်မှု | ၇ |

| Subject | | | Page |
| --- | --- | --- | --- |
| | | **Chapter (4)** | |
| 8. | Principles put into action | | 7 |
| 9. | Integrity | | 7 |
| | (a) | Financial Interests | 7 |
| | (b) | Mismanagement of government resources | 8 |
| | (c) | Misuse of confidential information | 9 |
| | (d) | Gifts | 10 |
| 10. | Independence | | 11 |
| | (a) | Political Independence | 11 |
| | (b) | Investigative Independence | 12 |
| | (c) | Professional Independence | 12 |
| 11. | Accountability | | 13 |
| | (a) | Standards of Responsibility | 13 |
| | (b) | Complaints Reporting Systems | 14 |
| 12. | Transparency | | 15 |
| 13. | Fairness | | 17 |
| 14. | Inclusiveness | | 18 |
| | | **Chapter (5)** | |
| 15. | Commitment | | 20 |
| Conclusion | | | 21 |
| Legal foundation | | | 22 |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

**အခန်း(၄)**


| | | |
|---|---|---|
| ၈။ | အခြေခံမူများကိုလက်တွေ့လိုက်နာကျင့်သုံးခြင်း | ၇ |
| ၉။ | ဖြောင့်မတ်တည်ကြည်မှု | ၇ |
| | (က) ငွေကြေးဆိုင်ရာ အကျိုးစီးပွားများ | ၇ |
| | (ခ) နိုင်ငံတော်၏အရင်းအမြစ်များကိုလွဲမှားစွာစီမံခန့်ခွဲမှု | ၈ |
| | (ဂ) လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များကိုအလွဲသုံးမှု | ၉ |
| | (ဃ) လက်ဆောင်များ | ၁၀ |
| ၁၀။ | လွတ်လပ်စွာ ရပ်တည်နိုင်မှု | ၁၁ |
| | (က) နိုင်ငံရေးအရလွတ်လပ်မှု | ၁၁ |
| | (ခ) လွတ်လပ်စွာစုံစမ်းစစ်ဆေးနိုင်မှု | ၁၂ |
| | (ဂ) ပညာရပ်ဆိုင်ရာ လွတ်လပ်စွာရပ်တည်နိုင်မှု | ၁၂ |
| ၁၁။ | တာဝန်ယူမှု | ၁၃ |
| | (က) တာဝန်ရှိမှုစံနှုန်းများ | ၁၃ |
| | (ခ) သတင်းပို့တိုင်ကြားခြင်းစနစ် | ၁၄ |
| ၁၂။ | ပွင့်လင်းမြင်သာမှု | ၁၅ |
| ၁၃။ | မျှတမှု | ၁၇ |
| ၁၄။ | အားလုံးပါဝင်နိုင်မှု | ၁၈ |


**အခန်း(၅)**


| | | |
|---|---|---|
| ၁၅။ | ကတိကဝတ် | ၂၀ |
| နိဂုံး | | ၂၁ |
| ဥပဒေဆိုင်ရာအခြေခံအုတ်မြစ်များ | | ၂၂ |

## Preface by the Chairperson

Corruption remains a systemic issue across the country. It is our sincere belief that Corruption is the major hindrance to upholding the rule of law; to preventing and combating transnational crimes such as trading of illicit drugs, trafficking in persons, smuggling of arms and ammunition, illegal trade and money-laundering; to preserving cultural heritage, precious stones, mineral, gas and natural resources, forest, wildlife and environment; to ensuring effective socio-economic and infrastructure development such as creating fair competitive markets, improving revenue-collection, nurturing human resources, boosting domestic and foreign investments, creating job opportunities, promoting per capita productivity and also endeavoring for fair rights of political parties and fair electoral system. Moreover, the high level of corruption can make the income gap wider and deepens poverty and directly affects both the physical and mental well-being of the people.

For the betterment of people's lives, it is our determination that the Anti-Corruption Commission works hand in hand with the people to combat this endemic corruption across the country with the support of the genuine political will.

## ကော်မရှင်ဥက္ကဋ္ဌ၏ အမှာစကား

အဂတိလိုက်စားမှုသည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စနစ်တစ်ခုကဲ့သို့ ကျယ်ပြန့်စွာ ပျံ့နှံ့ရှင်သန်နေဆဲ ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွင်လည်းကောင်း၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ လက်နက်ခဲယမ်း တရားမဝင်ကုန်သွယ်မှု၊ ငွေကြေးခဝါချမှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းတွင်လည်းကောင်း၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်း၊ အဖိုးတန်ကျောက်မျက်၊ ဓါတ်သတ္တုဓါတ်ငွေ့၊ သဘာဝ သယံဇာတပစ္စည်း၊ သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း တို့တွင်လည်းကောင်း၊ မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်ရေး၊ အခွန်အခကောက်ခံရရှိရေး၊ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေး၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေး၊ လူတစ်ဦးချင်း ထုတ်လုပ်မှုမြှင့်တင်ရေးစသည့် လူမှုစီးပွားလုပ်ငန်းများနှင့် တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်းကောင်း၊ နိုင်ငံရေးပါတီများ၏ မျှတသော အခွင့်အရေးနှင့် မျှတသော ယှဉ်ပြိုင်မှု၊ မျှတသော ရွေးကောက်ပွဲစနစ် ဖြစ်ထွန်းရေး ကြိုးပမ်းအားထုတ်ရာတွင်လည်းကောင်း၊ အဂတိလိုက်စားမှုသည် အဓိကအဟန့်အတားဖြစ်သည်ဟု ကျွန်ုပ်တို့ ခံယူပါသည်။ ထို့အပြင် အဂတိလိုက်စားမှု ရေချိန်မြင့်မားလေ ဝင်ငွေကွာဟချက် ကြီးမားလေ ဆင်းရဲနွမ်းပါးမှု ပိုမိုနိမ့်ကျလေ ဖြစ်သောကြောင့် အများပြည်သူတို့၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို တိုက်ရိုက် ထိခိုက်စေလျက်ရှိသည်ကိုလည်း တွေ့ရပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုအကျင့်ဆိုးကို အများပြည်သူတို့နှင့်အတူလက်တွဲ၍ နိုင်ငံရေးစေတနာ ပြည့်ဝစွာ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများကို ပိုမိုသာယာဝပြောလာစေရေးအတွက် တာဝန်ယူထမ်းဆောင်သွားမည်ဟု သန္နိဋ္ဌာန်ချထားပါသည်။

The responsibilities of the Commission as an institution that promotes and oversees measures ensuring the interests of the people are in accord with the Law, gain in importance during this transitional period of democratization of our country. The challenges we face are tremendous. Given this situation, it is essential for the Commission to strictly uphold high ethical standards. This Code of Conduct has been developed through extensive consultations with relevant government agencies and technical experts.

We wish to extend our sincere gratitude to the Commission Members, All ACC Staff, the Supreme Court of the Union, the Ministry of Home Affairs, the Union Attorney-General Office, the Union Auditor-General Office, the Union Civil Service Board for their contributions and inputs, and to the UNDP for the technical assistance provided. In particular, we wish to express our deepest appreciation to Mr. Stuart Gilman, International Integrity Expert for his kind effort, contribution, cooperation and understanding in making this Code of Conduct a success!

U Aung Kyi

Date: 3rd May, 2018 Chairperson

Place: Nay Pyi Taw Anti-Corruption Commission

ပြည်သူများ၏ အကျိုးစီးပွားကို ဥပဒေအတိုင်း အခိုင်အမာဖြစ်စေရန် စောင့်ကြည့် စီမံပေးရသောအဖွဲ့အစည်းဖြစ်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ တာဝန်ရှိမှုများသည် ယခုကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ ပိုမိုအရေးကြီးသည့် အပြင် စိန်ခေါ်မှုများကလည်း ကြီးမားစွာ တည်ရှိနေပါသည်။ ဤအခြေအနေတွင် ကော်မရှင်ကိုယ်တိုင်က ကိုယ်ကျင့်သိက္ခာဆိုင်ရာ မြင့်မားသောစံနှုန်းကို တိကျစွာ လိုက်နာစောင့်ထိန်းရန် လိုအပ်သည် ဖြစ်သောကြောင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ် ဆွေးနွေး တိုင်ပင်ပြီး ဤကျင့်ဝတ်ကို ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။

ကော်မရှင်ကျင့်ဝတ်ကို ပြုစုရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် အဆင့်ဆင့်သော ဝန်ထမ်းအသီးသီးတို့အားလည်းကောင်း၊ အကူအညီပေးခဲ့ကြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နည်းပညာအကူအညီပေးခဲ့သော ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့ကိုလည်းကောင်း ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် နည်းပညာရှင် Dr. Stuart Gilman အား ဤကျင့်ဝတ် ဖြစ်မြောက်ရေးအတွက် ၎င်းတို့၏ ကြိုးစားအားထုတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ပကတိအခြေအနေအား နားလည်လက်ခံပေးမှုတို့အတွက် အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ဦးအောင်ကြည်

ရက်စွဲ။ ၂၀၁၈ခုနှစ်၊ မေလ ၃ ရက် ဥက္ကဋ္ဌ

နေရာ။ နေပြည်တော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# ANTI-CORRUPTION COMMISSION
# CODE OF CONDUCT

## INTRODUCTION

1. The Anti-Corruption Commission (ACC) is fighting corruption for public prosperity, with a strong belief that this is a national cause. Commission members and staff play a key role in this endeavor.

2. Integrity is the most important principle to be upheld by the ACC, an organization established to protect the interests of the people. Following examples of anti-corruption agencies around the world, which uphold comparatively higher standards than other public organizations, our Commission is committed to do the same.

3. Aiming to protect the interests of the people with genuine good will and high ethical standards, this code of conduct is launched on May 3, 2018 after reaching consensus among the commission members and staff, with the technical support of related government agencies and the United Nations Development Programme.

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# ကျင့်ဝတ်

## နိဒါန်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူတို့၏ဘဝ သာယာဝပြောရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် အဓိက အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ကြသူများ ဖြစ်ကြသည်။

၂။ အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရမည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွက် ဖြောင့်မတ်တည်ကြည်မှုသည် အရေးကြီးဆုံး လိုက်နာဆောင်ရွက်ရမည့်အခြေခံမှု ဖြစ်ပါသည်။ နိုင်ငံတကာရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းများသည် နှိုင်းယှဉ်မှုသဘောအားဖြင့် ပိုမိုမြင့်မားသည့် ကျင့်ဝတ်စံနှုန်းများကို ထိန်းသိမ်း လိုက်နာလျက်ရှိကြသကဲ့သို့ မိမိတို့ကော်မရှင်သည်လည်း အလားတူ လိုက်နာ ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

၃။ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကောင်းမြတ်သည့် စိတ်စေတနာ၊ ကောင်းမြတ်သည့်ကိုယ်ကျင့်တရားတို့ဖြင့် ကာကွယ်စောင့်ရှောက် နိုင်ရန် အလို့ငှာ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ သဘောတူညီချက်၊ ဆက်စပ်အစိုးရဌာနများနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်တို့၏ ကျွမ်းကျင်မှု အကူအညီဖြင့် ၂၀၁၈ ခုနှစ် မေလ(၃)ရက်တွင် ဤအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ကျင့်ဝတ်ကို ထုတ်ပြန်လိုက်သည်။

## Chapter (1)

## VISION AND MISSION OF THE ANTI-CORRUPTION COMMISSION

### VISION

4. To promote public prosperity through combating widespread corruption in the country, hand in hand with the people.

### MISSION

5. To prevent, investigate and raise public awareness on corruption with the dedication of combating corruption as a national cause.

## Chapter (2)

## OBJECTIVES OF THE CODE OF CONDUCT

6. The Commission Members and the staff has developed this Code of Conduct with the following objectives:

    (a) To provide guidance for proper ethical behavior and conduct in discharging duties;

## အခန်း(၁)

## ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်

### ကော်မရှင်၏အနာဂတ်မျှော်မှန်းချက်

၄။ နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန်။

### ကော်မရှင်၏ လုပ်ငန်းတာဝန်

၅။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလျှက် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း နှင့် အများပြည်သူ အသိပညာပေးခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

## အခန်း(၂)

## ကျင့်ဝတ်၏ရည်ရွယ်ချက်

၆။ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ ကျင့်ဝတ်ကို ပြုစုရေးဆွဲရသည့် ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဂုဏ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် မှန်ကန်တည့်မတ်စွာ ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်မှုအဖြစ် အသုံးပြုရန်၊

(b) To follow high ethical standards in addition to existing laws;

(c) To carry out duties and responsibilities of the Commission ethically in accord with the Code of Conduct and to meet the expectations of the public;

(d) To increase public trust by making the people understand the Code of Conduct of the Commission Members and the staff.

## Chapter (3)

## BASIC PRINCIPLES

7. ACC is striving to have a culture of zero tolerance for corruption and the following basic principles are the values of the Commission:

(a) **INTEGRITY**: Our public office shall always be used for the public interest to reinforce the trust of the people. Our public office shall never be used for private gain, either for ourselves, our family, our friends or associates.

(ခ) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် တည်ဆဲဥပဒေများကိုသာမက ပိုမိုမြင့်မားသော ကိုယ်ကျင့်တရားဆိုင်ရာ စံနှုန်းများကို လိုက်နာရန်၊

(ဂ) ကော်မရှင်၏ တာဝန်ဝတ္တရားများကို ကျင့်ဝတ်နှင့်အညီ သမာသမတ်ကျစွာ ထမ်းဆောင်ခြင်းဖြင့် အများပြည်သူ၏ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရန်၊

(ဃ) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရသည့် ကျင့်ဝတ်များကို အများပြည်သူက သိရှိနားလည်စေခြင်းဖြင့် ယုံကြည်စိတ်ချမှု တိုးပွားရရှိရန်။

## အခန်း(၃)

## အခြေခံမူများ

၇။ အဂတိလိုက်စားမှုကို လုံးဝလက်မခံသည့် ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေးအတွက် ကော်မရှင်က အကောင်အထည်ဖော်ရာတွင် အောက်ပါအခြေခံမူများသည် ကော်မရှင်၏ တန်ဖိုးထားမှုများပင် ဖြစ်ပါသည်-

(က) **ဖြောင့်မတ်တည်ကြည်မှု**။ မိမိ၏လုပ်ငန်းဌာနကိုအများပြည်သူ၏အကျိုးစီးပွား သယ်ပိုးရန်အတွက် အစဉ်အမြဲအသုံးပြုခြင်းဖြင့် အများပြည်သူ၏ ယုံကြည်မှု ပိုမိုခိုင်မာစေမည် ဖြစ်ပါသည်။ မိမိအတွက်ဖြစ်စေ၊ မိမိ၏ မိသားစု၊ မိတ်ဆွေ သူငယ်ချင်း သို့မဟုတ် နီးနွယ်ဆက်စပ်မှုရှိသူများအတွက်ဖြစ်စေ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားရရှိစေရန် အတွက် မိမိ၏လုပ်ငန်းဌာနကို မည်သည့်အခါမျှ အသုံးမပြုရ။

(b) **INDEPENDENCE:** Any inappropriate influence on our decisions or actions shall not be accepted. We need to uphold impartiality and professionalism.

(c) **ACCOUNTABILITY**: Taking responsibility for actions and decisions in carrying out duties and responsibilities is essential for maintaining public trust in the State

(d) **TRANSPARENCY:** Transparency is most important to gain public trust in the Commission's honesty and fairness. Therefore, it is necessary for the Commission to make procedure, processes and information public, except those that need to be kept confidential.

(e) **FAIRNESS:** Our activities must be non-bias and non-discriminatory and we must respect people’s rights and human dignity.

(ခ) **လွတ်လပ်စွာရပ်တည်နိုင်မှု။** မိမိ၏ဘက်လိုက်ခြင်းကင်းမှုနှင့် ပညာရပ်ဆိုင်ရာ အရည်အချင်းရှိမှုတို့ကို ထိန်းသိမ်းရန်အတွက် မိမိ၏ ဆုံးဖြတ်ချက်များ သို့မဟုတ် လုပ်ဆောင်ချက်များအပေါ် လျော်ကန်သင့်မြတ်မှု မရှိသော မည်သည့် ဩဇာလွှမ်းမိုးမှုကိုမျှ လက်ခံခြင်း မပြုရ။

(ဂ) **တာဝန်ယူမှု။** ကော်မရှင်သည် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် မိမိ၏လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူခြင်းသည် နိုင်ငံတော်အပေါ် အများပြည်သူ၏ယုံကြည်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သည်။

(ဃ) **ပွင့်လင်းမြင်သာမှု။** ကော်မရှင်သည် ရိုးသား၍တရားမျှတသည်ဟု အများပြည်သူက ယုံကြည်စေရန်အတွက် ပွင့်လင်းမြင်သာမှုသည် လွန်စွာအရေးကြီးပါသည်။ ထို့ကြောင့် လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်များမှအပ ကော်မရှင်၏ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် သတင်းအချက်အလက်များကို အများပြည်သူသိရှိရေး ထုတ်ပြန်ပေးရန် လိုအပ်သည်။

(င) **မျှတမှု။** ကော်မရှင်၏လုပ်ဆောင်မှုများသည် ဘက်လိုက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကင်းပြီး အများပြည်သူ၏ ရပိုင်ခွင့်များနှင့် လူ့ဂုဏ်သိက္ခာကို လေးစားမှုရှိရန် လိုအပ်သည်။

(f) **INCLUSIVENESS:** The Commission shall take into account diverse ideas and perspectives for creating a positive working environment in the ACC. The perspectives of the stakeholders shall be taken into consideration in anti-corruption activities.

## Chapter (4)

## PRINCIPLES PUT INTO ACTION

8. These principles shall guide the daily behavior of Commission Members and the staff. How to put these principles into action is explained below:

### INTEGRITY

9. The misuse of public office for private gain can confront us daily in the following four areas:

   (a) **Financial Interests**

   Commission Members and the staff must not hold financial interests that may lead to raise question on their integrity and fairness. Some financial interests can be perceived as conflict of interest even though they are of minimum value. The threshold is not to be left to our discretion; guidance shall be sought from the relevant body.

(စ) **အားလုံးပါဝင်နိုင်မှု။** ကော်မရှင်သည် အပြုသဘော ဆောင်သော လုပ်ငန်းပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရေး အတွက် မတူကွဲပြားသော အတွေးအခေါ်များနှင့် အမြင်များ ကို လေးစားမှုရှိရမည်။ ကော်မရှင်သည် အဂတိ လိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် အကျိုးသက်ဆိုင်သူများ အားလုံး၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစား ရမည်။

## အခန်း(၄)

## အခြေခံမူများကို လက်တွေ့လိုက်နာ ကျင့်သုံးခြင်း

၈။ အခြေခံမူများသည် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ နေ့စဉ် ပြုမူ ဆောင်ရွက်မှုများအတွက် လမ်းညွှန်မှုများ ဖြစ်ပါသည်။ လက်တွေ့ လိုက်နာ ကျင့်သုံးနိုင်ရန်အတွက် အခြေခံမူအလိုက် ရှင်းလင်းဖော်ပြထားပါသည်။

### ဖြောင့်မတ်တည်ကြည်မှု

၉။ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ပုဂ္ဂိုလ်ရေးအကျိုး စီးပွားအတွက် လုပ်ငန်းဌာနအား အလွဲသုံးပြုမှုများကို အောက်ပါနယ်ပယ် လေးခုတွင် နေ့စဉ်နှင့်အမျှ ရင်ဆိုင်ရနိုင်ပါသည်-

(က) **ငွေကြေးဆိုင်ရာအကျိုးစီးပွားများ။** ကော်မရှင်အဖွဲ့ဝင် များနှင့် ဝန်ထမ်းများ၏ ငွေကြေးဆိုင်ရာ အကျိုးစီးပွား များသည် ကော်မရှင်၏ ဖြောင့်မတ်တည်ကြည်မှုနှင့် မျှတမှု အတွက် မေးခွန်းထုတ်စရာ အခြေအနေသို့ မရောက်ရှိ စေရပါ။ အချို့သော ငွေကြေးဆိုင်ရာ အကျိုးစီးပွားသည် တန်ဖိုးအားဖြင့် နည်းပါးသော်လည်း အကျိုးစီးပွားပဋိပက္ခ အခြေအနေကို ဖြစ်ပေါ်စေနိုင်သောကြောင့် ကိုယ်ပိုင်ဆုံးဖြတ် ခြင်းအစား သက်ဆိုင်ရာအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရမည်။

(b) **Mismanagement of government resources**

Government resources include working time, in addition to entrusted public funds and properties.

(1) Using government automobile, housing, office equipment and funds for personal profit leads to a violation of integrity. Thus, it shall be avoided.

(2) Using titles or employment at the ACC to gain advantages for ourselves, our family or friends is an abuse of the trust placed in the ACC. Thus, it shall be avoided.

(3) Assisting relatives, friends or business associates in receiving non-public information on procurements or contracts undermines the integrity of government processes. Thus, it shall be avoided.

(ခ) **နိုင်ငံတော်၏ အရင်းအမြစ်များကို လွဲမှားစွာ စီမံခန့်ခွဲမှု။**
နိုင်ငံတော်၏ အရင်းအမြစ်များထဲတွင် ပြည်သူ့ဘဏ္ဍာငွေများ နှင့် မိမိတို့ထံ ယုံကြည်အပ်နှံထားသော ပစ္စည်းများ သာမက အလုပ်ချိန်များလည်း ပါဝင်ပါသည်-

(၁) အစိုးရပိုင် မော်တော်ယာဉ်၊ အိမ်ရာ၊ ရုံးပစ္စည်း ကိရိယာများနှင့် ဘဏ္ဍာငွေများကို အစိုးရလုပ်ငန်း တာဝန်နှင့် မသက်ဆိုင်သော နေရာများတွင် ပုဂ္ဂလိက အကျိုးအမြတ် ရရှိရန်အတွက် အသုံးပြုခြင်းသည် ဖြောင့်မတ်တည်ကြည်မှုကို ချိုးဖောက်ခြင်း ဖြစ်သော ကြောင့် ရှောင်ကြဉ်ရမည်။

(၂) ကော်မရှင်တွင် အလုပ်လုပ်နေသည့် ရာထူးတာဝန်ကို အသုံးပြု၍ ကိုယ်တိုင်သော်လည်းကောင်း မိသားစု သို့မဟုတ် မိတ်ဆွေ သူငယ်ချင်းများအတွက်သော် လည်းကောင်း အထူးအခွင့်အရေးများ ရယူခံစားခြင်း သည် ကော်မရှင်အပေါ် ထားရှိသည့် ယုံကြည်မှုကို အလွဲသုံးခြင်း ဖြစ်သောကြောင့် ရှောင်ကြဉ်ရမည်။

(၃) အများပြည်သူ မသိမမြင်နိုင်သော ပစ္စည်းဝယ်ယူမှု များ သို့မဟုတ် ကန်ထရိုက်စာချုပ် ကိစ္စများအတွက် ဆွေမျိုး၊ မိတ်ဆွေ သို့မဟုတ် စီးပွားဖက်တစ်ဦးဦးကို ကူညီပေးခြင်းသည် နိုင်ငံတော်၏ လုပ်ငန်းစဉ်များ ဖြောင့်မတ်တည်ကြည်မှုကို ထိခိုက်ပျက်ပြားစေသော ကြောင့် ရှောင်ကြဉ်ရမည်။

(4) Financial payments shall be made in a timely manner, without delay.

(c) **Misuse of confidential information**

Use of confidential information outside ACC without permission abuses the responsibilities that have been given to you.

(1) Taking out confidential documents from the ACC premises or releasing them on social media can potentially lead to misuse, loss or theft. Any document to be taken out must be approved by the Commission and its return confirmed.

(2) Working with public organizations and partner agencies is important in the success of the work of ACC. However, guidelines shall be followed to ensure that there is no inappropriate release or use of information.

(၄) မိမိအလုပ်ဌာနကိုအကြောင်းပြု၍ ငွေကြေးဆိုင်ရာ ပေးရန်ရှိသည်များကို နှောင့်နှေးကြန့်ကြာမှု မရှိဘဲ အချိန်မီ ပေးဆောင်ရမည်။

(ဂ) **လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များကို အလွဲသုံးမှု။** လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များကို ခွင့်ပြုချက်မရဘဲ ကော်မရှင်၏ပြင်ပတွင် အသုံးပြုခြင်းသည် မိမိကို ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို အလွဲသုံးခြင်း ဖြစ်သည်-

(၁) လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် စာရွက်စာတမ်းများအား ကော်မရှင်၏ ပြင်ပသို့ ယူဆောင်သွားခြင်း သို့မဟုတ် လူမှုမီဒီယာတွင် ဖြန့်ဝေမှုများပြုလုပ်ခြင်းတို့သည် အလွဲသုံးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်းတို့ ဖြစ်ပေါ်နိုင်ခြေ ရှိပါသည်။ ထိုကဲ့သို့သော စာရွက်စာတမ်းများကို ပြင်ပသို့ ယူဆောင်သွားမည် ဆိုလျှင် ကော်မရှင်၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပြီး ပြန်လည်ယူဆောင်လာခြင်းကိုလည်း အတည်ပြုရမည်။

(၂) ကော်မရှင်၏ လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ရန်အရေးကြီးပါသည်။သို့သော် သတင်းအချက်အလက်များကို မလျော်မကန် ထုတ်ပြန်မှု သို့မဟုတ် အသုံးပြုမှု မရှိစေရန် လမ်းညွှန်ချက်များကို လိုက်နာရမည်။

(3) In exchanging information with public organizations and partner agencies, guidelines for confidentiality or procedures shall be respected.

(4) Financial or political or any other benefit that may result from access to or release of information related to the case is prohibited.

(d) **Gifts**

As gifts can undermine the public's trust in the ACC, the following shall be observed:

(1) The Commission Members and staff shall NEVER ask for a gift for any reason.

(2) As gifts between employees create inappropriate conflicts of interest or presumption of conflicts of interest, supervisors shall not accept gift from a subordinate within their chain of command.

(၃) အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များ ဖလှယ်ရာတွင် အဖွဲ့အစည်းများ အားလုံးကလည်း သတင်းလုံခြုံမှုဆိုင်ရာ လမ်းညွှန်ချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လိုက်နာကြရမည်။

(၄) အမှုနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ရရှိစေခြင်း သို့မဟုတ် ထုတ်ပေးခြင်းဖြင့် ငွေကြေးဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာ သို့မဟုတ် အခြားအကျိုးအမြတ် တစ်စုံတစ်ရာ ရရှိအောင် ဆောင်ရွက်ခြင်းကို တားမြစ်သည်။

(ဃ) **လက်ဆောင်များ။** ကော်မရှင်အပေါ် အများပြည်သူ၏ ယုံကြည်မှုကို ထိခိုက်စေနိုင်သည့်အတွက် လက်ဆောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာကြရမည်-

(၁) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် မည်သည့်အကြောင်းပြချက်နှင့်မျှ လက်ဆောင်တောင်းဆိုခြင်း မပြုရ။

(၂) ဝန်ထမ်းများ အချင်းချင်းအကြား လက်ဆောင်ပေးခြင်းသည် အမှန်တကယ် အကျိုးစီးပွား ပဋိပက္ခများသာမက၊ အကျိုးစီးပွား ပဋိပက္ခ ရှိသည်ဟု ထင်မြင်ယူဆ ခံရနိုင်သည့်အတွက် အထက်အရာရှိ အဆင့်ဆင့်သည် လက်အောက်ဝန်ထမ်းထံမှ လက်ဆောင်လက်ခံခြင်းမပြုရ။

(3) Gifts from persons doing business or seeking to do business with the ACC shall not be accepted.

(4) Gifts from individuals or businesses that are involved in an ongoing case or under investigation shall not be accepted.

(5) In cultural and traditional events, customary gifts are usually given but if gifts can potentially lead to a conflict of interest, they shall not be accepted.

## INDEPENDENCE

10. The Commission Members and staff shall not allow external pressures on their work or decisions, and political independence, independence in investigation and professional independence are necessary.

(a) **Political Independence**

(1) ACC shall uphold the highest standards of impartiality in the discharge of their duties and responsibilities. Corruption cases shall be handled in a non-political manner.

(၃) ကော်မရှင်နှင့် အလုပ်လုပ်နေသော သို့မဟုတ် အလုပ်လုပ်ခွင့်ရရန် ကြိုးပမ်းနေသော ပုဂ္ဂိုလ်အဖွဲ့အစည်းများထံမှ လက်ဆောင်များ လက်ခံခြင်း မပြုရ။

(၄) စုံစမ်းစစ်ဆေးခြင်းခံနေရသော သို့မဟုတ် စုံစမ်းစစ်ဆေးနေဆဲအမှု တစ်ခုတွင် ပါဝင်ပတ်သက်နေသော လူပုဂ္ဂိုလ်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းများထံမှ လက်ဆောင်များ လက်ခံခြင်း မပြုရ။

(၅) ယဉ်ကျေးမှု ဓလေ့ထုံးစံအရကျင်းပသည့် အခမ်းအနားများတွင် လက်ဆောင်ပေးခြင်း အလေ့အထများ ရှိကြပြီး ယင်းသည် မိမိလုပ်ငန်း ဆောင်ရွက်မှုများနှင့် အကျိုးစီးပွား ပဋိပက္ခ ရှိနိုင်လျှင် လက်ခံခြင်း မပြုရ။

## လွတ်လပ်စွာရပ်တည်နိုင်မှု

၁၀။ ကော်မရှင် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်း သို့မဟုတ် ဆုံးဖြတ်ချက်များအပေါ် ပြင်ပမှ ဖိအားပေးခြင်းများကို လက်မခံရန်နှင့် နိုင်ငံရေးအရ လွတ်လပ်မှု၊ လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်မှု၊ ပညာရပ်ဆိုင်ရာ လွတ်လပ်စွာရပ်တည်နိုင်မှုရှိရန် လိုအပ်ပါသည်-

(က) **နိုင်ငံရေးအရ လွတ်လပ်မှု**

(၁) ကော်မရှင်သည် လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ထမ်းဆောင်ရာတွင် ဘက်လိုက်ခြင်းကင်းမှု စံနှုန်းများကို အမြင့်မားဆုံး ထိန်းသိမ်းထားပြီး အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံရေးကင်းရှင်းကြောင်း ပြသရမည်။

(2) ACC shall be empowered and shielded from political interference and influence and shall be given necessary protection.

(b) **Investigative Independence**

(1) Reporting procedures shall be prescribed to report undue influence and intimidation in investigators' performance of duties.

(2) The ACC shall protect those who are undertaking anti-corruption investigation activities from threats of violence in cooperating with law enforcement agencies.

(c) **Professional Independence**

(1) ACC shall manage to have sufficient strength of enabling staff and resources.

(2) Necessary resources shall be provided to the staff and officials, who are assigned by the Commission to successfully perform duties with the approval of relevant government departments and agencies and also protection.

(၂) နိုင်ငံရေးအရ ကြားဝင်စွက်ဖက်မှုနှင့် ဩဇာလွှမ်းမိုးမှုများမှ လွတ်ကင်းစွာ ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်များရှိရမည့်အပြင် ယင်းအတွက် ကာကွယ်စောင့်ရှောက်မှုများလည်း ပေးအပ်ထားရမည်။

**(ခ) လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်မှု**

(၁) စစ်ဆေးရေးမှူးများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်မှုအပေါ် မလျော်ဩဇာလွှမ်းမိုးမှု နှင့် ခြိမ်းခြောက်ခံရမှုများကို သတင်းပို့နိုင်သည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရမည်။

(၂) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်သူများအပေါ် အကြမ်းဖက် ခြိမ်းခြောက်မှုများကို ကော်မရှင်သည် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကာအကွယ် ပေးရမည်။

**(ဂ) ပညာရပ်ဆိုင်ရာ လွတ်လပ်စွာ ရပ်တည်နိုင်မှု**

(၁) ကော်မရှင်သည် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်စေမည့် လုံလောက်သော ဝန်ထမ်းအင်အား နှင့် အရင်းအမြစ်များ ရရှိအောင် စီမံဆောင်ရွက်ပေးရမည်။

(၂) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် ကော်မရှင်က တာဝန်ပေးအပ် ထားသော အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းအောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ ရရှိစေရန် ဆောင်ရွက်ပေးရမည့်အပြင် အကာအကွယ်လည်း ပေးရမည်။

(3) Gifts that may affect our decisions either in cases or in other activities of the ACC shall not be accepted. If someone offers a gift, this shall be reported immediately.

## ACCOUNTABILITY

11. Taking responsibility for ACC's actions and decisions is crucial in maintaining ACC's reputation and necessary for creating a positive working environment.

(a) **Standards of Responsibility**

(1) The Commission Members and staff are responsible for policy making, decision making and every behavior and action; moreover, there shall be willing to take responsibility for their actions.

(2) Honesty in leave-enjoyment shall prevail. Abuse of the system, rules and regulations shall be avoided.

(၃) အမှုများတွင်ဖြစ်စေ၊ ကော်မရှင်၏ အခြားလုပ်ငန်းများတွင်ဖြစ်စေ မိမိတို့၏ ဆုံးဖြတ်ချက်များအပေါ် ထိခိုက်စေနိုင်သည့် တံစိုးလက်ဆောင်များ လက်ခံခြင်း မပြုရ။ တစ်စုံတစ်ဦးက ထိုသို့ကမ်းလှမ်းလာပါ က ချက်ချင်း သတင်းပို့ရမည်။

## တာဝန်ယူမှု

၁၁။ ကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များအတွက် တာဝန်ယူမှုရှိခြင်းသည် ကော်မရှင်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းသည့်နေရာတွင် လွန်စွာအရေးပါပြီး အပြုသဘောဆောင်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်-

(က) **တာဝန်ရှိမှု စံနှုန်းများ**

(၁) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းအသီးသီးသည် မိမိ၏မူဝါဒချမှတ်မှု၊ ဆုံးဖြတ်ချက်ချမှတ်မှု၊ ပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်မှုတိုင်း အတွက် တာဝန်ရှိမည့်အပြင် ထိုသို့သော လုပ်ဆောင်မှုတစ်ခုခုကို တာဝန်ယူ လက်ခံဆောင်ရွက်ပေးလိုသည့် စိတ်ဆန္ဒလည်း ရှိရမည်။

(၂) ခွင့်ခံစားခြင်းနှင့် စပ်လျဉ်း၍ ရိုးသားမှု ရှိရမည်။ စည်းမျဉ်းစည်းကမ်း၊ စနစ်များအား အလွဲသုံးမှုကို ရှောင်ကြဉ်ရမည်။

(3) During work hours, the Commission Members and staff shall devote 100% of the time and work force to the Commission. Outside activity that may affect office work is prohibited.

(4) The Commissioners and staff may take part in philanthropic and social organizations but must not fail to do the work of the Commission.

(5) Use of illegal substances that affect work of the Commission and its work environment is prohibited.

(6) Family problems or medical issues that may have impact on the work should be consulted with relevant supervisors.

(b) **Complaints Reporting system**

(1) Commission members and staff must take into serious consideration complaints on violations of the CoC. These must be registered and both the complainant and the person against whom the complaint is made shall be treated with respect.

(၃) ကော်မရှင် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် တာဝန်ချိန်အတွင်း အချိန်နှင့် လုပ်အားတို့ကို ရာနှုန်းပြည့် စိုက်ထုတ်လုပ်ဆောင်ရမည်။ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို ထိခိုက်စေမည့် ပြင်ပလုပ်ငန်းများ လုပ်ကိုင်ခြင်းကို ရှောင်ကြဉ်ရမည်။

(၄) ကော်မရှင် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်နိုင်သော်လည်း ယင်းကြောင့် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပျက်ကွက်ခြင်း မရှိစေရ။

(၅) ကော်မရှင်၏ လုပ်ငန်းတာဝန်နှင့် လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ထိခိုက်စေသည့် ဥပဒေနှင့် ဆန့်ကျင်သော ပစ္စည်းများ သုံးစွဲခြင်း မပြုရ။

(၆) လုပ်ငန်းတာဝန်ကို ထိခိုက်စေနိုင်မည့် မိသားစုပြဿနာများ သို့မဟုတ် ကျန်းမာရေး ကိစ္စများရှိပါက မိမိ၏ကြီးကြပ်သူ အရာရှိနှင့် တိုင်ပင်ဆွေးနွေးဖြေရှင်းနိုင်သည်။

## ( ခ ) သတင်းပို့တိုင်ကြားခြင်းစနစ်

(၁) ကော်မရှင် အဖွဲ့ဝင်များ နှင့် ဝန်ထမ်းများသည် ကျင့်ဝတ်ချိုးဖောက်မှုနှင့် စပ်လျဉ်းသည့် တိုင်ကြားမှုများကို အလေးအနက်ထား စဉ်းစားဆောင်ရွက်ရမည်။ တိုင်ကြားမှုကို မှတ်တမ်းတင်ကာ တိုင်ကြားသူကိုလည်းကောင်း၊ တိုင်ကြားခံရသူကိုလည်းကောင်း လေးစားစွာ ဆက်ဆံရမည်။

(2) ACC will put in place a comprehensive complaints reporting system which will register, analyze, investigate and report on findings and recommendations.

(3) ACC will be responsible to respond appropriately to the complainant in a reasonable period of time.

**TRANSPARENCY**

12. The actions of the Commission Members and staff shall be transparent not only during their tenure with the Commission but also after finishing their term in order to avoid undermining the reputation of the Commission.

(a) Written approval shall be sought before undertaking outside activities that can conflict with responsibilities as well as with the principles of the Code of Conduct. Such activities will include the following:

(1) Engaging in teaching or public talks that would use non-released public information.

(၂) ကော်မရှင်သည် ပြည်သူများ၏ တိုင်ကြားမှုများနှင့် စပ်လျဉ်း၍ စနစ်တကျ မှတ်တမ်းတင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ မှန်ကန်စွာ စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးချက်များနှင့် အကြံပြုချက်များကို အစီရင်ခံ တင်ပြခြင်းတို့ဖြင့် ပြည့်စုံသော စနစ်တစ်ခု ထားရှိရမည်။

(၃) ကော်မရှင်သည် တိုင်ကြားစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား သင့်လျော်သည့် အချိန်ကာလအတွင်း တိုင်ကြားသူများထံ ကောင်းမွန်စွာ အကြောင်းပြန်ကြားပေးရမည်။

**ပွင့်လင်းမြင်သာမှု**

၁၂။ ကော်မရှင် အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် အဂတိလိုက်စားမှု ရှိသည်ဟူ၍လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာအရ လျော်ကန်မှု မရှိဟူ၍လည်းကောင်း ထင်မြင်ယူဆခြင်း မခံရစေရန်အတွက် ကော်မရှင်တွင် တာဝန်ထမ်းဆောင်နေချိန်နှင့် ကော်မရှင်မှ အနားယူထွက်ခွာပြီးသည့် အချိန်အထိ မိမိ၏ပြုမူဆောင်ရွက်ချက်များသည် ပွင့်လင်းမြင်သာမှု ရှိရမည်-

(က) ကော်မရှင်၏ လုပ်ငန်းတာဝန်နှင့် ဤကျင့်ဝတ်ပါ အခြေခံမှုများကို ထိခိုက်ကောင်းထိခိုက်စေနိုင်သည့် ပြင်ပလှုပ်ရှားဆောင်ရွက်မှုများကို ကော်မရှင်၏ စာဖြင့်ခွင့်ပြုချက် ရယူပြီးမှသာဆောင်ရွက်ခွင့်ရှိသည်။ ပြင်ပလှုပ်ရှား ဆောင်ရွက်မှုများတွင် အောက်ပါအခြေအနေများ ပါဝင်သည်-

(၁) အများပြည်သူထံ ထုတ်ပြန်ခြင်း မရှိသော အချက်အလက်များကို အသုံးပြုဆောင်ရွက်ရမည့် ပညာသင်ကြားမှု သို့မဟုတ် ဟောပြောမှု၊

(2) Engaging in research or paper-writing that would affect the work or reputation of the ACC.

(3) Using non-released public information of cases in private research or paper writing.

(b) The Commission Members and staff shall not be allowed to receive any supplement money or benefits from anyone which would undermine the impartiality of the ACC, except salaries, allowances, emoluments and benefits legally awarded.

(c) Using official work hours or equipment to look for other jobs shall be avoided. Advice from the Staff Affairs Working Committee shall be sought to work in government or private sector work that may intersect with the work of the ACC.

(d) The following guidance shall be followed for post-employment activities after leaving the ACC:

(1) Avoid misusing confidential information and other non-released public data;

(၂) ကော်မရှင်၏လုပ်ငန်းများ သို့မဟုတ် ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည့် သုတေသနပြုမှု သို့မဟုတ် စာတမ်းရေးသားမှု၊

(၃) အများပြည်သူသို့ ထုတ်ပြန်ထားခြင်းမရှိသည့် အမှုဆိုင်ရာ သတင်းအချက်အလက်များကို မိမိ၏ ကိုယ်ပိုင်သုတေသန သို့မဟုတ် စာတမ်းရေးသားမှုများတွင် ထည့်သွင်းအသုံးပြုမှု။

(ခ) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသောလစာ၊ စရိတ်၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်မှတစ်ပါး ကော်မရှင်၏ ဘက်လိုက်ခြင်းကင်းမှုကို ထိခိုက်စေမည့် မည်သည့်ငွေကြေး၊ ခံစားခွင့်များ ထပ်ဆောင်းပေးခြင်းကိုမျှ လက်ခံခြင်း မပြုရ။

(ဂ) နိုင်ငံတော်၏ အချိန် သို့မဟုတ် ပစ္စည်းကိရိယာများကို အသုံးပြု၍ အခြားအလုပ်အကိုင်ရှာဖွေခြင်းကို ရှောင်ကြဉ်ရမည်။ ကော်မရှင်၏ လုပ်ငန်းများနှင့် ဆက်နွှယ်နေသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကကဏ္ဍမှ အလုပ်ကို လုပ်ကိုင်လိုပါက ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီ၏ သဘောထားရယူဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်တွင် တာဝန်ထမ်းဆောင်မှုမှ ထွက်ခွာပြီးနောက်ပိုင်း အောက်ပါအချက်များကို ရှောင်ကြဉ်ရမည်-

(၁) လျှို့ဝှက်ထိန်းသိမ်းထားသော သတင်းအချက်အလက်များနှင့် အများပြည်သူသို့ ထုတ်ပြန်ထားခြင်း မရှိသည့် အခြားအချက်အလက်များကို အလွဲသုံးခြင်း၊

(2) Not accepting employment with a company that has on-going contract with the ACC;

(3) Not working for other organization or individual under current investigation by the ACC.

**FAIRNESS**

13. Decisions of the ACC shall be made on the basis of fairness, merit, impartiality and mutual respect.

(a) The ACC must ensure that staff selection, promotion, transfer and assignment are given based on competence and skills in accordance with the Civil Service Personnel Law and Rules.

(b) Discrimination against staff because of gender, ethnicity, religion, or economic or social status is prohibited.

(c) The presumption that a person is innocent until s/he is proved to be guilty must be the norm. Even after finding out that s/he is guilty, it is necessary to provide her/him legal protection as well as respect.

(၂) ကော်မရှင်နှင့် ကန်ထရိုက်စာချုပ်ချုပ်ဆို ဆောင်ရွက်ဆဲ ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်ခြင်း၊

(၃) ကော်မရှင်မှ လက်ရှိစုံစမ်းစစ်ဆေးနေဆဲ အခြား အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်အတွက် အလုပ်လုပ် ပေးခြင်း။

**မျှတမှု**

၁၃။ ကော်မရှင်သည် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် မျှတမှုရှိခြင်း၊ အရည်အချင်းရှိခြင်း၊ ဘက်လိုက်မှုကင်းခြင်းနှင့် အပြန်အလှန် လေးစားခြင်း တို့ကို အခြေခံရမည်-

(က) ဝန်ထမ်းများရွေးချယ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ ခြင်းနှင့် တာဝန်ပေးအပ်ခြင်းတို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျွမ်းကျင်မှုနှင့် အရည်အသွေးများ အပေါ် အခြေခံ၍ ဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းများအား ကျား/မ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် စီးပွားရေး အခြေအနေ သို့မဟုတ် လူမှုရေး အဆင့်အတန်းပေါ် မူတည်ကာ ခွဲခြားဆက်ဆံခြင်း မပြုရ။

(ဂ) စုံစမ်းစစ်ဆေးမှုများတွင် အပြစ်ရှိကြောင်း သက်သေမပြနိုင် သေးသရွေ့ အပြစ်ကင်းသည်ဟု ယူဆချက်ဖြင့် ဆောင်ရွက် ရမည်။ အပြစ်ရှိသည်ဟု ဆုံးဖြတ်နိုင်သည့် အချက်အလက် များကို ဖော်ထုတ်တွေ့ရှိစေကာမူ စွပ်စွဲခံရသူကို ဥပဒေနှင့် အညီ ရပိုင်ခွင့်ရှိသော အခွင့်အရေးများ ပေးရန်နှင့် လေးစားမှု ရှိရန် လိုအပ်သည်။

(d) Mental and physical abuse shall be avoided in investigation.

(e) Discrimination because of race, religion, belief, economic status and official position shall be avoided in investigation.

(f) The decisions of ACC shall lead mainly to the benefits of the State and the people.

## INCLUSIVENESS

14. Inclusiveness encompasses both internal responsibilities for the ACC as well as external responsibilities towards the public. Discrimination and bias, either within the Commission or in dealing with, public and partner organizations shall be avoided.

(a) A mechanism must be placed to provide the staff with fair opportunities and to prevent from discrimination, harassment and bullying.

(b) The Commission Members and staff shall respect each other without discrimination, bias, and prejudice based on gender, ethnicity, religion, social and political status.

(ဃ) စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အနိုင်အထက် ပြုမှုများကို ရှောင်ရှားရမည်။

(င) စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ ယုံကြည်ချက်၊ ဆင်းရဲချမ်းသာ၊ ရာထူးတာဝန်တို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံခြင်း မပြုရ။

(စ) ကော်မရှင်၏ ဆုံးဖြတ်ချက်များသည် နိုင်ငံနှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေရေးကို အဓိကဦးတည်ရမည်။

## အားလုံးပါဝင်နိုင်မှု

၁၄။ အားလုံးပါဝင်နိုင်မှုဆိုရာတွင် ကော်မရှင်အတွက် ထမ်းဆောင်ရမည့် တာဝန်များသာမက အများပြည်သူအတွက် ထမ်းဆောင်ရမည့် တာဝန်များလည်း ပါဝင်ပါသည်။ ကော်မရှင်အတွင်းတွင်ဖြစ်စေ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်ရာတွင်ဖြစ်စေ ခွဲခြားဆက်ဆံခြင်းနှင့် ဘက်လိုက်ခြင်းများကိုရှောင်ကြဉ်ရမည်-

(က) ဝန်ထမ်းများအတွင်း မျှတမှုရှိသော အခွင့်အလမ်းများ ရရှိစေရန်နှင့် ခွဲခြားဆက်ဆံခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း၊ အနိုင်ကျင့်ခြင်းတို့ကို တားဆီးကာကွယ်ဖြေရှင်းပေးနိုင်သည့် လုပ်ငန်းစဉ်များ ချမှတ်ထားရမည်။

(ခ) ကော်မရှင်သည် ကျား/မ၊ လူမျိုး၊ ကိုးကွယ်သည့် ဘာသာ၊ လူမှုရေးနှင့် နိုင်ငံရေး အဆင့်အတန်း ခွဲခြားမှု မရှိစေဘဲ မလိုမုန်းထားမှုများနှင့် ဘက်လိုက်ခြင်းများကို ရှောင်ကြဉ်ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။

(c) There shall be mutual respect for each other and towards the partners and clients, including individuals who are under investigation.

(d) It is required to engage individuals and organizations fairly, properly and with integrity, recognizing individual rights.

(e) Cooperation of government departments, government agencies, UN Agencies, international and local non-governmental organizations, civil society organizations, media, businesses and social organizations as well as individuals are welcomed as long as this does not go against the ACC vision and mission. Necessary arrangements must be made for inclusive cooperation.

(ဂ) ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများသည် မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်ကြားသူများနှင့် စုံစမ်းစစ်ဆေးခံနေရသော ပုဂ္ဂိုလ်များ အပါအဝင်တစ်ဦးကို တစ်ဦးလေးစားစွာ ပြုမူဆက်ဆံရမည်။

(ဃ) လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်ရာတွင် တရားမျှတမှု၊ သင့်လျော်မှန်ကန်မှု၊ ဖြောင့်မတ်တည်ကြည်မှု ရှိစွာဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်အပြင် တစ်ဦးချင်းစီ၏ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကိုလည်း အသိအမှတ် ပြုရမည်။

(င) ကော်မရှင်၏ အနာဂတ်မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်တို့နှင့် မဆန့်ကျင်သရွေ့ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ နှင့် ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ မီဒီယာ အဖွဲ့အစည်းများ၊ စီးပွားရေးနှင့် လူမှုရေးအဖွဲ့အစည်းများအပြင် လူပုဂ္ဂိုလ် တစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်လိုမှုကို စိတ်အားထက်သန်စွာ လက်ကမ်းကြိုဆိုရမည်။ အတူတကွ ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။

# Chapter (5)

## COMMITMENT

15. This Code of Conduct applies to all the Commission Members and ACC staff. It is deemed agreed that Commissioners and Staff will abide by this Code of Conduct when accepting a permanent or temporary or acting position or engagement with the ACC.

16. Breaching the Code of Conduct undermines the integrity of the Commission, and it is a violation of existing laws, rules and regulations.

17. No Code of Conduct describes each and every situation that we might confront. If confronted with situations that are not mentioned in the Code of Conduct, the value of the basic principles shall be taken into consideration. The opinion of the Staff Affairs Working Committee shall be sought for the application of the Code of Conduct.

18. The Code of Conduct shall be regularly reviewed.

# အခန်း(၅)

# ကတိကဝတ်

၁၅။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ကျင့်ဝတ်သည် ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများအားလုံးနှင့် သက်ဆိုင်အကျုံးဝင်ပါသည်။ ထို့အပြင် မည်သူမဆို အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တွင် အမြဲတမ်းဖြစ်စေ၊ ယာယီ သို့မဟုတ် ခေတ္တဖြစ်စေ တာဝန်ထမ်းဆောင်ရန် သို့တည်းမဟုတ် ကော်မရှင်နှင့်အတူ လက်တွဲဆောင်ရွက်ရန် လက်ခံလိုက်ခြင်းဖြင့် ဤကျင့်ဝတ်ကို လိုက်နာရန် သဘောတူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၆။ ဤကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းဖြင့် ကော်မရှင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည်ဆိုပါက သက်ဆိုင်ရာ တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများကို ကျူးလွန်ရာ ရောက်နိုင်သည်ဟု သတိပြုရမည်။

၁၇။ ကြုံတွေ့ရနိုင်သည့် အခြေအနေတိုင်းကို မည်သည့်ကျင့်ဝတ်ကမျှ အသေးစိတ် ဖော်ပြပေးနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကျင့်ဝတ်တွင် ဖော်ပြထားခြင်း မရှိသော အခြေအနေနှင့် တွေ့ကြုံလာရပါက အခြေခံမူများ၏ တန်ဖိုးအနှစ်သာရနှင့် ချိန်ထိုးစဉ်းစားဆုံးဖြတ်ရန် ဖြစ်ပါသည်။ ကျင့်ဝတ်ပါ ဖော်ပြချက်များနှင့် စပ်လျဉ်း၍ လက်တွေ့လိုက်နာ ဆောင်ရွက်ရာတွင် ရှင်းလင်းမှုမရှိပါက ဝန်ထမ်းရေးရာလုပ်ငန်းကော်မတီနှင့် ဆက်သွယ်ပြီး သဘောထား တောင်းခံရမည်။

၁၈။ ကော်မရှင်သည် ဤကျင့်ဝတ်ပါ ဖော်ပြချက်များကို နှစ်စဉ်ပုံမှန် ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

# CONCLUSION

19. This Code was developed consensually by the Commission Members and staff, and is based on the standards and values of anti-corruption agencies around the world.

20. The Code of Conduct is fundamental for the Commission and ensures the sustainability of the organization's integrity and fairness. Additionally, it provides the Commission Members and staff with the opportunity to take appropriate and proper actions boldly and with dignity.

21. It is solemnly believed that not only public trust but also rule of law and public prosperity shall be achieved by following the guidelines under this Code of Conduct.

# နိဂုံး

၁၉။ ကော်မရှင်သည် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့အစည်းများ၏ စံနှုန်းများ၊ တန်ဖိုးထားမှုများအား အခြေခံ၍ ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ လိုက်နာကျင့်သုံးရန် ကျင့်ဝတ်ကို တညီတညွတ်တည်း သဘောတူညီစွာ ပြုစုရေးသားခဲ့ခြင်း ဖြစ်ပါသည်။

၂၀။ ဤကျင့်ဝတ်သည် ကော်မရှင်အား ဖြောင့်မတ်တည်ကြည်၍ တရားမျှတသော အဖွဲ့အစည်းတစ်ရပ်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲနေစေရန် အတွက် အခြေခံကျသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ထို့အပြင် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် သင့်လျော်မှန်ကန်သည့် လုပ်ဆောင်ချက်များကို ရဲရင့်တည်ကြည်စွာနှင့် ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်နိုင်သည့် အခွင့်အရေးကိုလည်း ပေးအပ်နိုင်ပါသည်။

၂၁။ ဤကျင့်ဝတ်ပါ လမ်းညွှန်ချက်များကို လိုက်နာကျင့်သုံးခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအပေါ်တွင် အများပြည်သူ၏ ယုံကြည်ကိုးစားမှု ရရှိစေမည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူဘဝ သာယာဝပြောရေးတို့ကို အောင်မြင်စွာ ဖော်ဆောင်နိုင်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်။

# LEGAL FOUNDATION

- Anti-Corruption Law (2013)
- Anti-Corruption Rules (2015)
- Civil Service Personnel Act (2013)
- Civil Service Rules (2014)
- Civil Service Code of Conduct (2017)
- United Nations Convention Against Corruption (UNCAC) (2005)
- International Code of Conduct for Public Officials: General Assembly's Resolution 51/59 Action Against Corruption (1996)
- Code of Conduct for Law Enforcement Officials: General Assembly's Resolution 34/169 on 17 December 1979
- Recommendation No.R (2000) 10 of the Committee of Ministers to Member States on code of conduct for public officials adopted by the Committee of Ministers at its 106th Session on 11 May 2000
- Technical Guide for UNCAC (2008)

# ဥပဒေဆိုင်ရာအခြေခံအုတ်မြစ်များ

- အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၃)
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေများ (၂၀၁၅)
- နိုင်ငံ့ဝန်ထမ်းဥပဒေ (၂၀၁၃)
- နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၀၁၄)
- ဝန်ထမ်းကျင့်ဝတ် (၂၀၁၇)
- ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (၂၀၀၅) (United Nations Convention Against Corruption-UNCAC) (2005)
- International Code of Conduct for Public Officials: General Assembly's Resolution 51/59 Action Against Corruption (1996)
- Code of Conduct for Law Enforcement Officials: General Assembly's Resolution 34/169 on 17 December 1979
- Recommendation No.R (2000) 10 of the Committee of Ministers to Member States on code of conduct for public officials adopted by the Committee of Minitsters at its 106th Session on 11 May 2000
- Technical Guide for UNCAC (2008)

ACC Myanmar


ဖုန်း - ၀၆၇ ၈၁၀ ၃၃၄၇၊ ၀၆၇ ၈၁၀ ၃၂၇၃
အီးမေးလ်- myanmaracc2014@gmail.com
ဝက်ဘ်ဆိုက်: www.accm.gov.mm
ဖေ့စ်ဘွတ်- ACC Myanmar
လိပ်စာ - အုပ်စု(၁) အားကစားလေ့ကျင့်ရေးစခန်း
ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

Phone: 067 810 3347, 067 810 3273
E-mail: myanmaracc2014@gmail.com
Website: www.accm.gov.mm
Facebook: ACC Myanmar
Address: Cluster 1, Sport Training Center,
Wunna Theikdi Ward,
Zabuthiri Township, Nay Pyi Taw